# Highlights from DVB Debate’s Ideal Broadcast Law

## March 20, 2016

## “What’s the Ideal Broadcast Law?”

“ရုပ်သံရော ရေဒီယိုရော ပရင့်ပါ အခုချိန်ထိ လွတ်လပ်ခွင့်မရှိသေးဘူး။ မီဒီယာဥပဒေကို ဥပဒေကြောင်းအရရော နည်းဥပဒေတွေပါ ပြောင်းလဲဖို့လိုပါတယ်”

ဦးစည်သူအောင်မြင့် - သတင်းစာဆရာ

---

“ပုဂ္ဂလိက သတင်းစာတွေ သေတဲ့ကိစ္စ နောက်အစိုးရက အဖြေကို ထုတ်ပေးရမယ်”

ဦးခင်မောင်ဂင်း - ဒုတိယ ညွှန်ကြားရေးမှူး၊ ဒီဗွီဘီ သတင်းဌာန

---

“မီဒီယာဥပဒေနဲ့ပတ်သက်လို့က မူဘောင်ကရှိပြီးသား အကောင်အထည်ဖော်မယ့်သူ မရှိသေးတာ။ ဥပဒေကို ပြန်ပြင်ဆင်လိုက်ရင်ရပြီ အသစ်ဆွဲစရာမလိုပါဘူး”

ဦးအောင်သန်းစိုး - ညွှန်ကြားရေးမှူး(ငြိမ်း)၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး

---

“ဥပဒေအရ ရုပ်သံမှာဂင်လုပ်မယ့်သူတွေဟာ တနစ်အတွင်း လိုင်စင်ရယူလျှောက်ထားရမယ်၊ အသံလွှင့်ရမယ်။ လိုင်စင်ကလျှောက်ရင်ရော ရမှာလား ဒါမရှင်းဘူး။ နောက် လိုင်းကိစ္စ လက်ရှိ Analog လိုင်းက ကြည့်ရှုသူဦးရေ သန်း ၂၀ ကျော်ရှိတယ်၊ ကျနော်တို့ရမှာက ဒစ်ဂျစ်တယ်လိုင်း ဒစ်ဂျစ်တယ်လိုင်းက ကြည့်ရှုသူ ၁ သန်းတောင် မပြည့်ဘူး။”

ဦးခင်မောင်ဂင်း - ဒုတိယညွှန်ကြားရေးမှူး၊ ဒီဗွီဘီ သတင်းဌာန

---

“အစိုးရသတင်းစာစောင်ရေကို ပုဂ္ဂလိက သတင်းစာက မယှဉ်နိုင်ဘူး ဒီလိုပဲ ရုပ်သံလုပ်ငန်းမှာလဲ နောက်လုပ်မယ့် TV သမားတွေဟာ ဒစ်ဂျစ်တယ်လိုင်းပဲရမှာ analog လိုင်းမရဘူး။ analog လိုင်းကြည့်သူ ပရိသတ် သန်း ၂၀ ကို ယှဉ်နိုင်မှာ မဟုတ်ဘူး။ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး တအားကြီးတဲ့ ရုပ်သံလုပ်ငန်းရှင်တွေ အနေနဲ့ ဈေးကွက်မှာ အသတ်ခံရဖို့ ရှိနေတယ်။”

ဦးခင်မောင်ဂင်း - ဒုတိယညွှန်ကြားရေးမှူး၊ ဒီဗွီဘီ သတင်းဌာန

“အစိုးရသတင်းစာတွေအနေနဲ့ ဈေးကွက်လိုအပ်ချက်၊ ပြည်သူ့လိုအပ်ချက်ကို ဖြည့်ပေးနိုင်လို့ ဒီအချိန်ထိ ရပ်တည်နေနိုင်တာ။ ဥပဒေကြမ်းတွေဖော်ပြပေးနေတာ ဘယ်သတင်းစာရှိလဲ၊ MRTV ကရတဲ့ ကြော်ငြာသည် ပုဂ္ဂလိကလောက် မများပါဘူး။”

ဦးရဲထွဋ် - ပြည်ထောင်စု ပြန်ကြားရေးဝန်ကြီး

---

“အခုဆိုရင် ဥပဒေတွေရှိလာပြီဖြစ်လို့ ကျနော်တို့ အက်ဖ်အမ် ရုတ်တရက် နားလိုက်ရတယ် ပြီးမှ ပြန်လွှင့်ရတာမျိုး မရှိလောက်တော့ပါဘူး”

ဦးသန်းထွေးဇော် - အထွေထွေမန်နေဂျာ၊ ချယ်ရီအက်ဖ်အမ်

---

“ကျနော်ပြောချင်တာတော့ အစိုးရသတင်းစာသည် ပိတ်သိမ်းရေးပဲဖြစ်တယ်”

ဦးခင်မောင်ဝင်း - ဒုတိယညွှန်ကြားရေးမှူး၊ ဒီဗွီဘီ သတင်းဌာန

“ဝယ်ဖတ်သူမရှိရင် ကျနော်တို့ သတင်းစာ ဒီနေ့မရှိတာနဲ့ နောက်နေ့ပိတ်သိမ်းရမှာ”

ဦးရဲထွဋ် - ပြည်ထောင်စု ပြန်ကြားရေးဝန်ကြီး

---